Department of Women and Child
Interim Executive Council of Karenni State

Email: IEC_dept.womenandchild@protonmail.com, Phone: +66-0828861307, Signal: +66613741983

# မတရားစစ်အာဏာသိမ်းမှုနောက်ပိုင်း ကရင်နီပြည်အတွင်းရှိ အမျိုးသမီး၊ ကလေးသူငယ်၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများနှင့် ပတ်သက်ပြီး လက်ရှိအခြေအနေများကို တင်ပြခြင်းနှင့် လိုအပ်သောအကူအညီများ ဆက်လက်ပံ့ပိုးပေးရန် တိုက်တွန်းနိုးဆော်ခြင်း

## ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၊ ၂၅ ရက်

**နိဒါန်း**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်မှစတင်ခဲ့သည့် မတရားစစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကြိုးများအနေဖြင့် ကရင်နီပြည်အတွင်းရှိ အမျိုးသမီးနှင့် ကလေးသူငယ်များ သည် လက်နက်ကြီးနှင့် လေကြောင်းအန္တရာယ်ကြောင့် ထိခိုက်သေဆုံးရခြင်း၊ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာရေးကို လက်လှမ်းမမီနိုင်ခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက်မိခင်များအတွက် ပြည့်ဝလုံလောက်သော ကျန်းမာရေးထောက်ပံ့မှုနှင့် ပြင်ဆင်ဆွေးနွေးပေးမှုများမရရှိခြင်းစသည့် အခက်အခဲနှင့် စိန်ခေါ်မှုများစွာကို ကြုံတွေ့နေကြရသည်။ အမျိုးသမီးများ၏ အခြေခံအခွင့်အရေး များဖြစ်သော အသက်ရှင်သန်ခွင့်နှင့် လုံခြုံစွာနေထိုင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အမှီအခိုကင်းစွာ အသက်ရှင်ရပ်တည်ရေးတို့အပေါ် ခြိမ်းခြောက်ခံရလျက်ရှိပါသည်။ စစ်ပွဲ၏နောက်ဆက်တွဲ ဆိုးကျိုးဖြစ်သော စစ်ပုံကျသည့် ဖိုဝါဒကြီးစိုးမှုအောက်တွင် အမျိုးသမီးများ၏ လူမှုဘဝလုံခြုံမှုအတွက် ခြိမ်းခြောက်ခံနေရပြီး၊ အမျိုးသမီးများအပေါ် စနစ်နှင့် ဓလေ့ (သို့မဟုတ်) လက်တွေ့ကျင့်သုံးမှုအရ ခွဲခြားဖိနှိပ်မှုများကို ပိုမိုအားကောင်းစေပါသည်။

အခြားတဘက်တွင်လည်း ကလေးသူငယ်များ၏ လွတ်လပ်စွာပညာသင်ကြားခွင့်၊ လွတ်လပ်စွာ ဆော့ကစားခွင့်နှင့်၊ ရှင်သန်ဖွံ့ဖြိုးခွင့်တို့သည် စစ်ပွဲများကြောင့် ကန့်သတ်ခံနေရပါသည်။ စစ်ဘေးရှောင်စခန်းများတွင် အခြေခံလိုအပ်ချက်များကို ပြည့်စုံလုံလောက်စွာ လက်လှမ်းမီမှု မရရှိနိုင်ခြင်းနှင့်အတူ ကလေးသူငယ်များအတွက် ပညာရေး၊ ကျန်းမာရေး၊ အစာအာဟာရနှင့် အခြားသောစိတ်ပိုင်းဆိုင်ရာ ပြန်လည်ကုစားမှုများကို ဝန်ဆောင်မှုပေးနိုင်ရန်လည်း အလွန်အမင်း လိုအပ်လျက်ရှိသည်။

ထို့အပြင် မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများအတွက် အာဟာရနှင့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဥ်များ လိုအပ်နေသကဲ့သို့ စစ်ပွဲကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးရသူများ၊ မွေးရာပါ ကိုယ်လက်မသန်စွမ်း

သူများသည်လည်း ထိုက်သင့်သော စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးနိုင်ရန် အထူးလိုအပ်လျက်ရှိပါသည်။

တစ်ဖက်တွင် လူမှုဘဝဖူလုံမှုမရှိခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးအနေဖြင့် အိမ်တွင်းအကြမ်းဖက်မှုများ နှင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ကျူးလွန်ခြင်းများ စသည့်ကိစ္စရပ်များလည်း ဖြစ်ပွားနေသကဲ့သို့ အမျိုးသမီးငယ်လေးများလုပ်ငန်းခွင်၌ ထိုက်သင့်သော လုပ်ခလစာမရဘဲ ခေါင်းပုံဖြတ်ခံရခြင်း၊ ဖျော်ဖြေရေးလုပ်ငန်းခွင်များသို့သွတ်သွင်းခြင်းခံရပြီး လိင်အမြတ်ထုတ်ခံရခြင်းနှင့် လူကုန်ကူးခံရခြင်း စသည့် ဆိုးဝါးသော အမျိုးသမီးအခွင့်အရေး လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ရင်ဆိုင်ကြရပါသည်။

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာ ဌာနအနေဖြင့် အထက်ပါ စိန်ခေါ်မှုနှင့် အခက်အခဲများကို ပံ့ပိုးကူညီဖြေရှင်းနိုင်ရန် တတ်စွမ်းသရွေ့ ကြိုးစားနေပါသော်လည်း ငွေကြေးဆိုင်ရာ အရင်းအမြစ် လိုအပ်ချက်များစွာ ရှိနေသည့်အတွက် အကန့်အသတ်ဖြင့်သာ ဝန်ဆောင်မှုပေးနေရပါသည်။ သို့ဖြစ်ပါ၍ ဆက်စပ်အကျိုးဝင်သူအားလုံးတို့အနေဖြင့် အမျိုးသမီး၊ ကလေးသူငယ်များနှင့် အခြားသော ထိလွယ်ရှလွယ်အုပ်စုများအတွက် ပိုမိုကောင်းမွန်သော အစီအမံနှင့် အရေးပေါ်လူထုဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းရန် တိုက်တွန်းနှိုးဆော်ခြင်းနှင့်အတူ ဤအစီရင်ခံစာကို အများပြည်သူများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသိရှိစေရန် တင်ပြလိုက်ပါ သည်။

**အမျိုးသမီးများနှင့်ကလေးသူငယ်များ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေ**

မတရားစစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးများ အထူးသဖြင့် အကြမ်းဖက်စစ်တပ်၏ ၂၀၂၁ ခုနှစ် မေလမှစ၍ ကရင်နီပြည်အတွင်း လက်နက်ကြီးငယ်များအပါအဝင် စစ်ဘက်ဆိုင်ရာ လေယာဉ်လွန်လွန်ကျူးကျူး အသုံးပြုခြင်းကြောင့် အပြစ်မဲ့အရပ်သားပြည်သူများစွာ အသက်ပေးဆပ်လိုက်ရသည်သာမက အရပ်သားပြည်သူတို့၏ အိုးအိမ်စည်းစိမ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ဆေးပေးခန်းနှင့် ဘုရားကျောင်းကန်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

IEC မှ စုဆောင်းထားသော စာရင်းများအရ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း စစ်ကောင်စီမှ ကျူးလွန်သော စစ်ရာဇဝတ်မှုများကြောင့် အပြစ်မဲ့အရပ်သားပြည်သူ (၂၅၃) ဦးထက်မနည်း သေဆုံးပြီး (၃၃၅) ဦးထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့သည်။ ၂၀၂၄ ခုနှစ် အတွင်းတွင်ပင် ထိခိုက်ဒဏ်ရာရသည့် အမျိုးသမီး (၂၅) ဦးနှင့် သေဆုံးခဲ့ရသည့် အမျိုးသမီး (၂၀) ဦးရှိကာ ထိခိုက်ဒဏ်ရာရသည့် ကလေး (၄၄) ဦးနှင့် သေဆုံးခဲ့ရသည့် ကလေး (၁၅) ဦးရှိသည်။

**စစ်ရှောင်စခန်းအတွင်းရှိ ကလေးသူငယ်များ၏ အခက်အခဲနှင့်စိန်ခေါ်မှုများ**

အကြမ်းဖက်စစ်တပ်၏ မတရားစစ်အာဏာသိမ်းမှုကြောင့် ကရင်နီပြည်အတွင်း ယင်းတို့နှင့် ပြည်သူ့ကာကွယ်ရေးတပ်များအကြား ၂၀၂၁ ခုနှစ် မေလမှစတင်၍ အထိအတွေ့တိုက်ခိုက်မှုများရှိလာပြီး ထိုစစ်ပွဲများကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း စစ်ဘေးရှောင်စခန်းပေါင်း (၄၀၀) ကျော် နှင့် ရွှေ့ပြောင်းနေထိုင်သည့် အိမ်ခြေ (၃၅,၀၀၀) ဝန်းကျင်ရှိပြီး ပြည်နယ်၏ အချက်အလက်များအရ စစ်ရှောင်လူဦးရေ စုစုပေါင်း

(၁၂၀,၀၀၀) ကျော်အထိမြင့်တက်လာခဲ့သည်။ အောက်ဖော်ပြပါ ဇယားအရ စုစုပေါင်း စစ်ရှောင်ဦးရေမှ (၅) နှစ်အောက်ကလေးငယ် အရေအတွက်ပေါင်း (၁၀,၀၀၀) ကျော်ခန့်ရှိနေသည်။ ထို့ပြင် အသက် (၁၈) နှစ်အောက်ကလေးသူငယ် စုစုပေါင်း (၃၀,၀၀၀) ကျော်ရှိနေသည်။ ယင်းအသက်(၁၈) နှစ်အောက်လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ အစာအဟာရနှင့် အခြားသော စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကုစားမှုများကို ဝန်ဆောင်မှုပေးနိုင်ရန် အထူးလိုအပ်လျက်ရှိသည်။ အထူးသဖြင့် (၃) နှစ်ကျော်ကာလ စစ်ရှောင်စခန်းများတွင် နေထိုင်နေရသော ကလေးသူငယ်များအနေဖြင့် ရာသီအလိုက် ကြုံတွေ့ရသော အရေပြားရောဂါနှင့် ဝက်သက်ရောဂါများပိုမိုခံစားနေရသည်။ အသက် (၅) နှစ်အောက်ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းသား/သူပေါင်း (၂,၀၀၀) ကျော်ဖြင့် မူကြိုကျောင်းပေါင်း (၂၅၀) ကျော်ကို သက်ဆိုင်ရာအဖွဲ့အစည်းများမှသော်လည်းကောင်း အများပြည်သူများ၏ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြည်နယ်အတွင်းရှိ နေရာဒေသအချို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ အသက်(၅)နှစ်အောက် ကလေးငယ် စုစုပေါင်း (၁၀,၀၀၀) ကျော်ရှိသည့်အနက် (၂,၀၀၀) ဝန်းကျင်သာ မူကြိုတက်ရောက်မှုရှိနေသည့် အတွက် လက်ရှိအစီအမံများကို လက်လှမ်းမီရန်များစွာကျန်ရှိနေသေးသည်။ ဌာနအနေဖြင့် ရှေ့ဦးကလေး သူငယ် ပြုစု စောင့်ရှောက်ရေး လုပ်ငန်းစဉ်များကို အခြားသော အရပ်ဖက်အဖွဲ့အစည်းများနှင့် တတ်အားသ၍ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း ငွေကြေးအင်အား၊ နည်းပညာအထောက်အကူနှင့် တတ်သိပညာရှင်များစွာ လိုအပ် နေသေးသည့်အပြင် လုံခြုံရေးအစီအမံများရေးဆွဲပြီး ရှေ့ဦးကလေးသူငယ် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းစဉ်များ၊ အဟာရပံ့ပိုးခြင်းများ၊ ယင်းအစီအစဉ်ကို အကောင်အထည်ဖော် ပေးမည့် ကျွမ်းကျင်ပုဂ္ဂိုလ်များ မွေးထုတ် ပေးခြင်းများစသည်တို့ အကောင်အထည်ဖော်ရန် အရေးတကြီး လိုအပ်လျက်ရှိသည်။ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ မွေးရာပါပညာသင်ကြားခွင့်၊ အသက်ရှင်သန်ခွင့်နှင့် ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု တို့ကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးနိုင်ရန်အတွက် အသက် (၁၈) နှစ်အောက် ကလေးသူငယ်များ၏ ကျောင်းပြင်ပပညာရေးအပြင် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ပညာရပ်များ အထူးပြင်ဆင်ပံ့ပိုးခြင်း၊ ရှေ့ဦးကလေးသူငယ်ပြုစုပျိုးထောင်ခြင်းနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး အစီအမံများအပြင် ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေးအစီအမံများ အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိသည်။


*ဇယား (၁) စစ်ရှောင်စခန်းအတွင်းရှိ အသက် (၁၈) နှစ်အောက် ကလေးသူငယ်စာရင်း*

| **အသက် (၁၈) နှစ်အောက် စစ်ရှောင်ဦးရေ** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| (၂) နှစ်အောက် | ၁,၅၃၆ | ၁,၃၆၇ | ၂,၉၀၃ |
| (၂) နှစ်အထက် (၅) နှစ်အကြား | ၃,၅၃၈ | ၃,၃၅၄ | ၆,၈၉၂ |
| (၅) နှစ်အထက် (၁၈) နှစ်အကြား | ၁၅,၅၄၀ | ၁၄,၈၃၇ | ၃၀,၃၇၇ |
| **စုစုပေါင်း** | **၂၀,၆၁၄** | **၁၉,၅၅၈** | **၄၀,၁၇၂** |

**ကိုယ်ဝန်ဆောင်အမျိုးသမီး၊ နို့တိုက်မိခင်များနှင့် မျိုးဆက်ပွားနိုင်သော အသက်အရွယ်ရှိသည့် အမျိုးသမီးများ**

၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့ စာရင်းများအရ ကရင်နီပြည်နယ်၏ စစ်ရှောင်စခန်းများတွင်နေထိုင်သူ ကိုယ်ဝန်ဆောင်အမျိုးသမီး စုစုပေါင်း (၇၄၀) ဦးရှိပြီး ကျန်းမာရေးဌာန၏ စာရင်းဇယားများအရ တစ်ပြည်နယ်လုံးအတိုင်းအတာအားဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီး စုစုပေါင်း (၃၀၀၀) ဝန်းကျင်ရှိသည်။ စစ်ပူကာလဖြစ်နေသည့်အလျောက် ကိုယ်ဝန်ဆောင်အားဆေးများ နှင့် ပုံမှန်ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများလက်လှမ်းမီရယူနိုင်ရန် အခက်အခဲများကြုံတွေ့နေရဆဲဖြစ်သည်။ ခရီးစရိတ် မတတ်နိုင်ခြင်း၊ လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့် စိတ်ချလုံခြုံစွာ မီးဖွားနိုင်မှု အခက်အခဲရှိနေခြင်း၊ မီးဖွားပြီးသော်လည်း နောက်ဆက်တွဲ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အစာအဟာရပြည့်မီစွာ စားသုံးနိုင်မှု အကန့်အသတ်များရှိနေသည်။ စုစုပေါင်းစစ်ရှောင်လူဦးရေအနက် အမျိုးသမီးပါဝင်မှု စုစုပေါင်း (၆၂,၁၁၅) ရှိပြီး ၎င်းတို့အနက် နို့တိုက်မိခင် စုစုပေါင်း (၃,၀၀၀) ဝန်းကျင်ရှိသည်။ မိခင်နှင့်ကလေး ကာကွယ်စောင့်ရှောက်မှုနှင့် ယင်းတို့အတွက်လိုအပ် အစီအမံများရေးဆွဲ အကောင်အထည်ဖော်ရန်လည်း အရင်းအမြစ်များစွာ လိုအပ်လျက်ရှိသည်။ ဥပမာ - မီးမဖွားမီ ကိုယ်ဝန်စောင့်ရှောက်မှု အစီအမံများ၊ အရေးပေါ်ငွေကြေးထောက်ပံ့မှုများ သို့မဟုတ် အဟာရပြည့်ဝသော အစားအစာပံ့ပိုးမှုများ၊ မီးဖွားပြီးကိုယ်ဝန်စောင့်ရှောက်မှုနှင့် ကလေးငယ်ကျန်းမာရေးအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည်။

*Table 1 စစ်ရှောင်ဒေသအတွင်းရှိ နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးစာရင်း*




ထို့အပြင် စစ်ရှောင်အမျိုးသမီးစုစုပေါင်းထဲတွင် အရွယ်ရောက်ပြီးသည့် အသက်ရွယ်ရှိသော အမျိုးသမီးပေါင်း (၂၀၀၀၀) ဝန်းကျင်ရှိပြီး တစ်ပြည်နယ်လုံးအတိုင်းအတာအနေဖြင့် (၂၅၀၀၀ - ၃၀၀၀၀) ခန့်အထိရှိနိုင်ပါသည်။ တရားမဝင်စစ်အာဏာသိမ်းသည့် (၃) နှစ်ကျော်ကာလအတွင်း အာဏာသိမ်းစစ်တပ်ဦးဆောင် ဖွင့်လှစ်သည့် ကျောင်းပညာရေးအား အကြမ်းမဖက်အာဏာဖီဆန်သည့် ကျောင်းသူ/သားများစွာရှိပြီး ယင်းတို့အနေဖြင့် ပညာရေးတစ်ပိုင်းတစ်စဖြင့် စောစီးစွာအိမ်ထောင်ကျသည့် ဖြစ်ရပ်များလည်းရှိသည်။ ထို့ပြင် အမျိုးသမီးငယ်အများစုသည် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာအားနည်းခြင်းကြောင့် သော်လည်းကောင်း၊ မိမိတို့နေထိုင်ရာဝန်းကျင်တွင် တစ်ကိုယ်ရည်သုံး သန့်ရှင်းရေးပစ္စည်းများ လုံလောက်စွာမရှိခြင်း၊ အချို့မှာ ဝယ်ယူရန်ငွေကြေးအလုံအလောက်မရှိခြင်း စသည်တို့ကြောင့် တစ်ကိုယ်ရည် ကျန်းမာရေးနှင့်

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာပြဿနာများ ကြုံတွေ့ခံစားနေရသည်။ ဆယ်ကျော်သက် မိန်းကလေးငယ်များနှင့် မျိုးဆက်ပွားနိုင်သည့် အရွယ်ရှိသည့် အမျိုးသမီးများအား တစ်ကိုယ်ရည်ကျန်းမာရေးဆိုင်ရာပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာအသိပညာများ မြင့်တင်လုပ်ဆောင်ရန်လိုအပ်သည်။ အမျိုးသမီးငယ်နှင့် အလုပ်လုပ်နိုင် သည့် အရွယ်ရှိသည့် အမျိုးသမီးများအနေဖြင့် ဝင်ငွေရလုပ်ငန်းများ ရှားပါးခြင်း အထူးသဖြင့် စစ်ရှောင် စခန်းတွင် နေထိုင်ရသည့်အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အရေးနှင့် အခွင့်အလမ်းမှာ ပိုမိုနည်းပါး လျက်ရှိသည်။ အချို့သော အမျိုးသမီးများအနေဖြင့် အသေးစား (သို့မဟုတ်) တစ်ပိုင်တစ်နိုင် စီးပွားရေး လုပ်ငန်းများ ကြိုးစားလုပ်ကိုင်နေသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေး ကြောင့် သော်လည်း ကောင်း မတည်ရင်းနှီးငွေ အခက်အခဲကြောင့်သော်လည်းကောင်း လုပ်ငန်းချဲ့ထွင်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် အမျိုးသမီးများအတွက် အသေးစား (သို့မဟုတ်) တစ်ပိုင်တစ်နိုင် စီးပွားရေး စွမ်းဆောင်ရှင်များအား ကူညီထောက်ပံ့သည့် အစီအမံများလိုအပ်နေသည်။

**မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ**

ဌာန၏ လေ့လာတွေ့ရှိချက်များအရ စစ်ရှောင်စခန်းများတွင် နေထိုင်သူ မသန်စွမ်းပုဂ္ဂိုလ် စုစုပေါင်း (၁၂၀၀) ဝန်းကျင်ရှိသည်။ ယင်းတို့အထဲတွင် အမြင်၊ အကြား၊ ဉာဏ်ရည်နှင့် ကိုယ်ခန္ဓာ/ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းများပါဝင်သည်။ အောက်ဖော်ပြပါဇယားအရ ကိုယ်လက်အင်္ဂါ မသန်စွမ်း (မွေးရာပါသော်လည်းကောင်း၊ လက်နက်ကြီးနှင့်လေယာဉ်တို့ကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးရသူ) စုစုပေါင်း (၉၀၀) ဝန်းကျင် ရှိနေသည်။ မသန်စွမ်းပုဂ္ဂိုလ်များအတွက် ပြန်လည်ထူထောင်ရေး အစီအစဉ်များနှင့် ယင်းတို့၏ ကိုယ်စိတ်ကျန်းမာရေးအတွက် ပြန်လည်ကုစားမှုများ ပြုလုပ်ပေးရန်လိုအပ်လျက်ရှိသည်။ စစ်ရှောင်ပြည်သူများအနက် လူပေါင်း (၇၀၀၀) နီးပါးသည် အသက် (၆၀) နှစ်နှင့်အထက်ရှိသောသူများဖြစ်ပြီး အသက် (၈၀) နှစ်နှင့် အထက်ရှိသူများလည်းပါဝင်နေသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများအတွက် အထူးအစီအမံများ အထူးသဖြင့် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်မှုများနှင့် လူမှုဖူလုံရေးအစီအစဉ်များ လိုအပ်လျက်ရှိသည်။





*Figure 1 မသန်စွမ်းမှုပုံစံများနှင့်အရေအတွက်*

**အမျိုးသမီးနှင့် အမျိုးသမီးငယ်များပေါ် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှု**

တရားမဝင်အာဏာသိမ်းသည့်ကာလမှစ၍ နိုင်ငံရေး၊ စစ်ရေးနှင့် ယင်းတို့၏ နောက်ဆက်တွဲ အခြေအနေများသည် အမျိုးသမီးနှင့် ဆယ်ကျော်သက်အမျိုးသမီးငယ်များအပေါ် ကြီးစွာ အကျိုးသက်ရောက် လျက်ရှိပါသည်။ အခြေအနေအမျိုးမျိုးကြောင့် ပညာဆက်လက်သင်ကြားရန် ခက်ခဲသော အမျိုးသမီး ငယ်များ သည် မိသားစုများအား ပြန်လည်ထောက်ပံ့နိုင်ရန် မိမိတို့ပတ်ဝန်းကျင်ရှိ နီးစပ်ရာ လုပ်ငန်းခွင်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်ကြရပါသည်။ ထိုလုပ်ငန်းခွင်တွင်လည်း ထိုက်သင့်သော လုပ်ခလစာမရဘဲ ခေါင်းပုံ ဖြတ်ခံရခြင်း၊ ဖျော်ဖြေရေး လုပ်ငန်းခွင်များတွင်လည်း အလုပ်လုပ်ကြရပြီး လိင်အမြတ်ထုတ်ခံရခြင်းနှင့် လူကုန်ကူးခံရခြင်း စသော ဆိုးဝါးသည့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် ရင်ဆိုင်ကြရပါသည်။ အမျိုးသမီးငယ်များသည် မိမိတို့၏ ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရာသော ပညာသင်ယူနိုင်မှု အခွင့်အရေး နည်းပါးခြင်းနှင့် တရားဥပဒေစိုးမိုးရေး အားနည်းသောကာလ ဖြစ်သည့်အတွက် အမျိုးသမီးများအပေါ် ထိရောက်သော အကာအကွယ်ပေးနိုင်မှု မရှိသည့်အပြင် ကျူးလွန်သူများမှာ အာဏာရှိသူများ၊ အာဏာနှင့် လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားလုပ်သူများ၊ လုပ်ငန်းရှင်များ၊ လုပ်ဖော်ကိုင်ဖက်များ နှင့် ဆွေမျိုးသားချင်းများဖြစ်ပြီး ယင်းတို့ကို အပြစ်ပေးအရေးယူဆောင်ရွက်နိုင်မှု အကန့်အသတ်ရှိနေသည်။

ကယန်းအမျိုးသမီးအစည်းအရုံးမှ ထုတ်ပြန်ထားသည့် "အမျိုးသမီးနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှု" စာစောင်ပါ ဖော်ပြချက်များအရ အမျိုးသမီးများသည် မိသားစုစားဝတ်နေရေး အကြပ်အတည်းဖြစ်ခြင်း၊ မိသားစုအား ပံ့ပိုးရန်လိုအပ်နေခြင်း၊ မိသားစုကျန်းမာရေးအတွက် အထောက်အပံ့ လိုအပ်နေခြင်း၊ အလုပ် လက်မဲ့ဖြစ်နေခြင်းနှင့် ကျေးရွာဒေသ၌ ဝင်ငွေရသည့် အလုပ်အကိုင်နည်းပါးခြင်း တို့ကြောင့် ဖျော်ဖြေရေး (KTV) လုပ်ငန်းတွင် ဝင်ရောက်အလုပ်လုပ်ကိုင်ရသည်ဟု ဖော်ပြထားသည်။ အဆိုပါ အမျိုးသမီးများအတွက် အကျိုးခံစားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လိင်ပိုင်းဆိုင်ရာပညာပေးခြင်း၊ ယင်းတို့၏ ဆန္ဒမပါဘဲ မည်သည့် ဝန်ဆောင်မှုမျိုးကိုမဆို အတင်းအကြပ်တောင်းဆိုပါက အလုပ်သမား အခွင့်အရေးအရသော်လည်းကောင်း၊ အမျိုးသမီးအခွင့်အရေးအရသော်လည်းကောင်း မူဝါဒ သို့မဟုတ် ဥပဒေ အားဖြင့် အကာအကွယ်ပေးခြင်းနှင့် လက်တွေ့လိုအပ်ချက်များအား ဖြည့်ဆည်းအကောင်အထည်ဖော် ရန်လိုအပ်လျက်ရှိသည်။

**ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဌာန၏ လုပ်ငန်း ဆောင်ရွက်ချက်များ**

ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာနအနေဖြင့် ဌာနဖွဲ့စည်းပြီးသည့် အချိန် ၂၀၂၃ ခုနှစ် အောက်တိုဘာလ မှစတင်၍ အမျိုးသမီးနှင့် ကလေးသူငယ်များသည် ကြားကာလအုပ်ချုပ်မှု အစီအမံများနှင့်အညီ အခွင့်အရေးများ တန်းတူလက်လှမ်းမီရယူနိုင်ပြီး မျှတသော လူမှုဘဝလုံခြုံမှုကို ရရှိပိုင်ဆိုင်နိုင်ရန် ရည်ရွယ်၍ ပြည်နယ်အတွင်းရှိ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများကို ကာကွယ်မြင့်တင်သည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ဘဏ္ဍာငွေကြေးနှင့် နည်းပညာဆိုင်ရာအခက်အခဲများစွာကိုကျော်လွှန်၍ ဦးစားပေးလုပ်ငန်းစဉ်များကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း မူကြိုဆရာမ (၃၀) ဦးအား ပထမအကြိမ် မူကြိုအခြေခံသင်တန်း ပြုလုပ်ပေးခြင်းနှင့် သင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးခြင်း၊ အခြားသော အရပ်ဖက်အဖွဲ့အစည်းများ လက်လှမ်းမီမှု မရှိသော စစ်ရှောင်စခန်းများရှိ အမျိုးသမီး (၂၀၀၀) ကျော်နှင့်ရေဘေးသင့်အမျိုးသမီး (၁၂၀၀)ကျော်အားတစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်သက်သော ပစ္စည်းများ ပံ့ပိုးပေးခြင်း၊ နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံနေရသော အမျိုသမီးနှင့်မိန်းကလေးငယ် (၃၀) ဝန်းကျင်အား အခြားသော အမျိုးသမီးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထောက်ပံ့ကူညီခြင်းများ၊ အာဏာသိမ်းစစ်တပ် ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီး အလွန်အကျွံသုံးစွဲမှုကြောင့် ထိခိုက် ဒဏ်ရာရ ကလေးငယ် (၁၂၀) ကျော်အား လိုအပ်သောထောက်ပံ့ကူညီခြင်းများနှင့် အရေးပေါ်လိုအပ်လျက် ရှိသော အမျိုးသမီး ကိုယ်ဝန်ဆောင် (၁၅၀) ဦးတို့အား ထောက်ပံ့ပေးခြင်းစသည့် ပြည်သူ့ဝန်ဆောင်မှု အစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်သည့်အပြင် ကရင်နီပြည်ကြားကာလလွှတ်တော်နှင့် ပူးပေါင်း၍ ပြည်နယ်အတွင်း အမျိုးသမီးများပေါ် အကြမ်းဖက်ခြင်းမှ တားဆီးကာကွယ်နိုင်သော ဥပဒေတစ်ရပ်ထွက်ပေါ် လာစေရန် ပူးပေါင်းဆောင်ရွက်လျက်သည်။

ထို့အပြင် အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဌာနအနေဖြင့် ဌာနအတည်ပြုဖွဲ့စည်းပြီးသည့် ကာလမှစတင်၍ ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုလျှော့ချရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဖြစ်ရပ်များအား ကူညီထောက်ပံ့ခြင်းများကို အခြားသော အမျိုးသမီးအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင် ခဲ့သည်။ လစဉ်ပျှမ်းမျှ ဖြစ်ရပ်/ အမှု (၂) ခုကို ဌာနမှလက်ခံရရှိခဲ့ပြီး နစ်နာခံစားခဲ့ရသူများအတွက် တရားမျှတမှုနှင့် အခြားသော အရေးပေါ်ကူညီထောက်ပံ့မှုများကို လုပ်ဆောင်ပေးခဲ့သည်။ ထို့အပြင် ဌာနသို့တိုင်ကြားခြင်းမရှိသော အမှုဖြစ်ရပ်များစွာလည်းရှိနေသည်ကို လေ့လာတွေ့ရှိရသည်။ စစ်ဘေးရှောင် နေစဉ်အတွင်း သော်လည်းကောင်း မိမိတို့ရပ်ရွာဒေသအတွင်း အမျိုးသမီးများကြုံတွေ့ခံစားနေရသော ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုများကိုတားဆီးကာကွယ်နိုင်ရန် မူဝါဒများ၊ ဥပဒေများ၊ နည်းပညာနှင့် အဖွဲ့အစည်းဆိုင်ရာယန္တရားများ ပိုမို အသက်ဝင်လာရန်နှင့် ပြည်သူလူထုအား အသိအမြင်ဖွင့်လုပ်ငန်းများနှင့် ကျူးလွန်သူအား ထိရောက်စွာအပြစ်ပေးအရေးယူနိုင်ရန်လည်း ဆက်လက်လုပ်ဆောင်ရန် လိုအပ်လျက်ရှိ သည်။

အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း လေ့လာတွေ့ရှိချက်များအရ အထူးသဖြင့် ကရင်နီပြည်အတွင်း စစ်ရှောင်စခန်းများတွင် နေထိုင်နေရသော အမျိုးသမီးနှင့် ကလေးသူငယ်များ၊ မသန်စွမ်း နှင့် သက်ကြီးရွယ်အိုတို့၏ လက်ရှိအခြေအနေကို အများပြည်သူများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပအလှူရှင်များ လေ့လာသုံးသပ်နိုင်ရန် အနှစ်ချုပ် တင်ပြလိုက်ရပါသည်။

**နိဂုံးနှင့် အထွေထွေအကြံပြုသုံးသပ်ချက်များ**

အထက်ပါအချက်အလက်များသည် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ လူသားချင်း စာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန၏ သတင်းအချက်အလက်များ အပေါ်အခြေခံ၍ သော်လည်းကောင်း ဌာနကိုယ်တိုင် မြေပြင်အချက်အလက်များ ကောက်ခံ၍သော်လည်းကောင်း သုံးသပ်ထား သော အချက်အလက်များဖြစ်သည်။ သုံးသပ်ချက်များအရ ကရင်နီပြည်နယ်အတွင်း အမျိုးသမီး၊

မိခင်နှင့်ကလေး၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုတို့၏ အရေးကိစ္စရပ်များအဆောတလျင် ကူညီဖြေရှင်းရမည့် လုပ်ငန်းစဉ်များရှိသကဲ့သို့ ရေရှည်အစီအမံများရေးဆွဲ အကောင်အထည်ဖော် ရန်လိုအပ်သည်။ ထို့ပြင် အမျိုးသမီး၊ ကလေးသူငယ်များ၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို အပြည့်အဝ အကာအကွယ်ပေးရန်နှင့် ယင်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အောက်ပါဦးစားပေး လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဌာနအနေဖြင့် သက်ဆိုင်ရာ အရပ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် သံတမန်များအား တိုက်တွန်း အကြံပြုတင်ပြအပ်ပါသည်။

(၁) တရားမဝင်အာဏာသိမ်းစစ်တပ်က လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုများနှင့် စစ်ရာဇဝတ်မှုများအပေါ် နိုင်ငံတကာဆိုင်ရာ တရားစီရင်ရေးယန္တရားများတွင်အရေးယူဆောင်ရွက်မှု အမြန်ဆုံး ပြုလုပ်ရန်နှင့် ယင်းတို့၏ လုပ်ရပ်များအတွက် တာဝန်ယူမှုများ ရှိလာရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီပေးရန်။

(၂) အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အသက်သေဆုံးမှု အဓိကဖြစ်စေသည့် လေယာဉ်ပစ်ခတ်မှု၊ လက်နက်ကြီးပစ်ခတ်မှုများကို ရပ်တန့်နိုင်ရန်အတွက် အကြမ်းဖက်စစ်အုပ်စုအား နိုင်ငံအသီးသီးမှ လက်နက်ခဲယမ်းတင်ပို့ ရောင်းချမှုကို တင်းကြပ်စွာပိတ်ဆို့အရေးယူရန်နှင့် လေကြောင်းရန်မှ တားဆီးနိုင်ရန်အတွက် အီးယူသမဂ္ဂနှင့် သက်ဆိုင်ရာနိုင်ငံများမှ လေယာဉ်ဆီတင်ပို့ရောင်းချပေးမှုကို လုံးဝရပ်တန့်ပေးသွားရန် သို့မဟုတ် လေယာဉ်ပျံသန်းမှု ကင်းလွတ်ဇုံအဖြစ်သတ်မှတ်ပေးရန်။

(၃) ပြည်တွင်းနှင့် နယ်စပ်ဒေသတလျှောက်ရှိ စစ်ဘေးရှောင်အမျိုးသမီးများအတွက် လိုအပ်သည့် အရေးပေါ်ကူညီပံ့ပိုးမှုများ အထူးသဖြင့် အမျိုးသမီးတစ်ကိုယ်ရည်ကျန်းမာရေးနှင့်ဆိုင်သော အသုံးအဆောင် ပစ္စည်းများ အချိန်နှင့်တပြေးညီ ပံ့ပိုးကူညီပေးနိုင်ရန်အတွက် ဘဏ္ဍာငွေထောက်ပံ့မှုများကို တိုးမြှင့်ပြီး မြေပြင်ရှိသက်ဆိုင်ရာအဖွဲ့အစည်းများထံ တိုက်ရိုက်ပံ့ပိုးပေးရန်။

(၄) အမျိုးသမီးများနှင့် ကလေးသူငယ်များသည် စစ်ပွဲ၏ ခံစားခံများဖြစ်ပြီး ၎င်းတို့အတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာအကာအကွယ်နှင့် ဝန်ဆောင်မှုအစီအမံများ၊ ဒေသနှင့်လိုက်လျောညီထွေရှိသော လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးရန်။ အထူးသဖြင့် (၁၈) နှစ်အောက်ကလေးသူငယ်များအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များ ဖြန့်ဝေပေးနိုင်ရန် နှင့် အသက် (၅) နှစ်အောက် ကလေးသူငယ် များအတွက် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများအား ဌာနမှ ဆက်လက် အကောင်အထည် ဖော်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်။

(၅) ရှင်သန်ကျန်ရစ်သူများနှင့် စစ်ပွဲကြောင့်နစ်နာဆုံးရှုံးသွားသောသူများ ဘဝပြန်လည်ထူထောင်နိုင်ရေးနှင့် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည် စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သော ဘဏ္ဍာငွေကြေးများနှင့် နည်းပညာများ ပံ့ပိုးကူညီ ဆောင်ရွက်ပေးရန်။

(၆) မသန်စွမ်းသူများ နှင့် သက်ကြီးရွယ်အိုများအတွက် လုံခြုံရေးအကာအကွယ်၊ လူမှုဖူလုံရေးနှင့် အခြားသော အရေးပေါ်လိုအပ်မှု အစီအမံများကို သီးသန့်ရေးဆွဲ အကောင်အထည်ဖော်နိုင်ရန်အတွက်လည်း လိုအပ်သော နည်းပညာ နှင့် ဘဏ္ဍာငွေလိုအပ်ချက်များကို ပံ့ပိုးပေးရန်။

(၇) (၃၀၀၀) ဝန်းကျင်ရှိသော ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက်မိခင်များအတွက် လိုအပ်သော အဟာရဖြည့်စွက်စာနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုကို လက်လှမ်းမီရယူနိုင်ရန် လိုအပ်သော ကူညီပံ့ပိုးမှုများနှင့် အစီအမံများကို အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာနမှ ရေးဆွဲအကောင်အထည်ဖော် မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာအစုအဖွဲ့အသီးသီးမှ ပူးပေါင်းပါဝင်ပေးရန်။

အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဌာန